# စက္ကဝတ္တိသုတ္တန် လေ့လာချက်

(ဒီဃနိကာယ်၊ ပါထိကဝဂ်၊ ၄၈။)

ဇူလိုင်လ ၃၁-ရက်၊ ၂၀၂၅-ခုနှစ်။

ဟောပြောသူ = မြတ်စွာဘုရား

နာယူသူ = ရဟန်းတော်များနှင့် မာတုလမြို့သူမြို့သားများ

နေရာ = မာတုလမြို့အနီး မာတုလာမည်သော သစ်ပင်ကြီးအောက်

အကြောင်းအရာ= နောင်ဖြစ်လတ္တံ့သော အနာဂတ်ကို ဟောပြခြင်း၊

**စာပိုဒ်= ၈၀**

**မာတုလမြို့**

မာတုလာမည်သော သစ်ပင်ကြီးအနီး၌ တည်ထောင်ဖန်ဆင်းအပ်သော မြို့ဖြစ်သောကြောင့် မာတုလမြို့ဟု ခေါ်၏။

**ဟောကြားရာနေရာ**

ရဟန်းပရိသတ် ၂-သောင်း, လူပရိသတ် ၈-သောင်း ၄-ထောင်, ဤမျှလောက် များပြားသော ပရိသတ်ကြီး ဆန့်လောက်ရာ မာတုလမြို့ပြင် လယ်ကွင်းထဲ၌ ပေါက်နေသော အရိပ်အာဝါသ ကောင်းသည့် မာတုလာမည်သော သစ်ပင်ကြီးအောက်တွင် ဟောတော်မူ၏။

**"အတ္တ"ဟူသည် "ဓမ္မ"ပင်တည်း-**

အကြင်အရာသည် သူတပါးမဟုတ်၊ ထိုအရာကို (ညွှန်ပြသောအားဖြင့်) မိမိ"အတ္တ"ဟု ခေါ်၏။ ဤနေရာ၌ မိမိ၏ ခန္ဓာအစဉ်တစ်ခုလုံးကို "အတ္တ"ဟု ဆိုနိုင်ပါသော်လည်း စီးပွားချမ်းသာကို ရှာသူ၏ အဖြစ်ဖြင့် မိမိ၌ သက်ဝင်တည်နေသည်၏ အဖြစ်ကြောင့် လောကီ,လောကုတ္တရာ ဓမ္မကိုသာ "အတ္တ"ဟု ခေါ်၏။

(ပင်ကိုယ်သဘောဖြစ်သော အတ္တ(ခန္ဓာကိုယ်ကြီး)သည် အလိုရှိသော အားကိုးအားထားရာ မဟုတ်။ ဤနေရာ၌ အလိုရှိအပ်သော အားထားရာ **အတ္တဟူသည်ကား "လောကီ, လောကုတ္တရာ ဓမ္မ" သာဖြစ်၏။)**

**ဒီပ-ကျွန်း**

ရေ၏ နှစ်ဖြာ စီးသွားရာအရပ်ကို ဒီပ-ကျွန်းဟု ခေါ်၏။ တနည်း- ရေမလွှမ်းမိုးနိုင်သော မြေအရပ်သည် ကျွန်းမည်၏။

**မိမိကိုယ်သာ ကိုးကွယ်ရာ-**

အခြားတပါးသောသူသည် အခြားသောသူတစ်ယောက်၏ ကိုးကွယ်ရာ မဖြစ်နိုင်။ မှန်၏။ တစ်ပါးသောသူ၏ အားထုတ်မှုလုံ့လဝီရိယဖြင့် အခြားတစ်ယောက်သောသူ၏ ကိလေသာမှ စင်ကြယ်ခြင်း, ကိလေသာတို့မှ လွတ်မြောက်ခြင်းသည် မဖြစ်နိုင်။

**ကိုယ့်နယ်ထဲမှာ ကိုယ်နေပါ**

လေးပါးသော သတိပဋ္ဌာန်တရားသည် မိမိ၏ အဖဘုရားထံမှ လာသောအရာဖြစ်၍ မိမိနယ်မြေဖြစ်၏။ မိမိနယ်မြေအတွင်း နေထိုင်လျှင် ကိလေသာမာရ်သည် ဖြစ်ခွင့်ရလိမ့်မည် မဟုတ်ပေ။ (ဥပမာအားဖြင့် ဗီလုံးငှက်ကဲ့သို့ပင်တည်း။)

**အားကြီးသူတို့၏ ကျရှုံးခန်း**

သေးငယ်သော ဗီလုံးငှက်အပေါ် အထင်သေးခြင်း၊ မိမိ၏ ခွန်အားကြီးမှုအပေါ် အထင်ကြီးခြင်း, မာန်ခက်ထန်ခြင်းတို့ကြောင့် စိန်ခေါ် မိလိုက်သော သိန်းငှက်သည် နောက်ဆုံး ရင်ဘတ်ဖြင့် ထွန်ခဲကို တိုက်မိပြီး သေဆုံးရ၏။ (သကုဏဂ္ဃိသုတ်၊ သံ၊ နိ၊ ၅၊ ၃၇၁။)

**မာရ-အရ**

ဒေဝပုတ္တမာရ်, မစ္စုမာရ်နှင့် ကိလေသမာရ်တို့ပင်တည်း။

(မှတ်ချက်။ ။ကိလေသမာရ်ဖြစ်လျှင် ကျန် ၂-ပါးလည်း ဖြစ်ခွင့်ရတော့၏။ ထိုကိလေသမာရ် ဖြစ်ခွင့်မရနိုင်အောင် မိမိတို့အဖ၏ ဥစ္စာဖြစ်သော သတိပဋ္ဌာန်နယ်မြေတွင်း၌ နေရမည်ဟူလို။)

**ဧဝမိဒံ ပုညံ ပဝမုတိ- "ဤအတိုင်း ကုသိုလ်နှင့် ကုသိုလ်၏ အကျိုးတရားသည် တိုးပွား၏"ဟူသည်-**

အပြစ်ကင်းခြင်းသဘော ရှိကုန်သော ကုသိုလ်နှင့် ထိုကုသိုလ်၏ အကျိုးတရားများသည် ကောင်းစွာ သွင်းထားအပ်သည်ရှိသော် အသက်ရှည်ခြင်းစသော အကြောင်း၏ပြည့်စုံမှု သမ္ပတ္တိအထူး ဖြစ်ကြရလျက် နောက်နောက် ကုသိုလ်တရားများဖြစ်ဖို့ရာ လွန်စွာအားကြီးသော မှီရာအကြောင်း ဖြစ်နိုင်ပေသည်။

ဆက်ဦးအံ့။ ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသော အသံကောင်းခြင်း, ဉာဏ်ကောင်းခြင်း, ရုပ်လှခြင်းစသည်တို့သည် အကျိုးဝိပါက်များတည်း။ ထိုအကျိုးဝိပါက်ကို အခြေခံ၍ ဉာဏ်ကောင်းသူသည် ထိုဉာဏ်ဖြင့် စာပေကျမ်းဂန် သင်အံ လေ့လာ ပို့ချမှု၊ အသံကောင်းသူက ထိုအသံဖြင့် တရားဟောမှု စသည်ပြုသောအခါ အကျိုးတရားသည်ပင် ကုသိုလ်ဖြစ်ဖို့အကြောင်း ပြန်ဖြစ်နိုင်၏။

ထို့အတူ ကုသိုလ်ကြောင့် ပစ္စည်းဥစ္စာကြွယ်ဝသူသည် ထိုပစ္စည်းဥစ္စာဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း, ဆေးရုံဆောက်ခြင်း, လမ်းတံတားဆောက်ခြင်း စသည်ပြုလုပ်ရာဝယ် အကျိုးသည်ပင် အကြောင်းဖြန်ပြန်တော့၏။

ဤသို့အားဖြင့် ကောင်းမှုနှင့် ကောင်းမှု၏အကျိုးတရားတို့သည် အဆင့်ဆင့် တိုးပွား တိုးပွား၍ သွားတော့၏။

## ကုသိုလ်နှစ်မျိုး-

ကုသိုလ်သည် **ဝဋ္ဋဂါမိကုသိုလ်နှင့် ဝိဝဋ္ဋဂါမိကုသိုလ်(ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ)**ဟူ၍ နှစ်မျိုးရှိ၏။

ဝဋ်ကိုတောင့်တ၍ ပြုအပ်သော ကုသိုလ်ဟူသမျှသည် ဝဋ်၏အားကြီးသော မှီရာအကြောင်း ဖြစ်၍ ဝဋ္ဋဂါမိမည်၏။ ဥပမာ- အသက်ရှည်မှု, အဆင်းလှမှု စသည်ကို မျှော်မှန်း၍ ပြုလုပ်အပ်သော ဆွမ်းလောင်းမှု စသည့်ကုသိုလ်မျိုးတည်း။ တနည်းကား- မိဘတို့က သားသမီးများ အပေါ်၌ငဲ့၍, သားသမီးတို့က မိဘတို့အပေါ်၌ငဲ့၍ ချစ်ခင်ခြင်းကြောင့် အလွန်နူးညံ့သော မေတ္တာစိတ် ဖြစ်ခြင်းမျိုး စသည်တည်း။

ဝဋ်မှထွက်မြောက်ရာ နိဗ္ဗာန်၏ အားကြီးသောမှီရာ အကြောင်းဖြစ်သော ကုသိုလ်မှန်သမျှသည် ဝိဝဋ္ဋဂါမိ မည်၏။ ဥပမာ- နိဗ္ဗာန်ကို ရည်မှန်း၍ပြုအပ်သော ဆွမ်းလောင်းမှုစသည့် ကုသိုလ်မျိုးတည်း။

## အကျိုးတရားများ-

ဝဋ္ဋဂါမိကုသိုလ်၏ အထွဋ်အထိပ်ကား လူပြည့်,နတ်ပြည်တို့၌ စကြာဝတေးမင်းစည်းစိမ်, နတ်မင်းစည်းစိမ်များ ဖြစ်နိုင်၏။ ဝိဝဋ္ဋဂါမိကုသိုလ်၏ အဆုံးကား မဂ်ဖိုလ်နိဗ္ဗာန် တရားတို့ကို ပြည့်စုံစေနိုင်၏။

**ဝဋ္ဋဂါမိကုသိုလ် ပျက်ခြင်း, မပျက်ခြင်း၏ အကျိုး အပြစ်-**

လောက၌ သားသမီးတို့သည် မိဘတို့၏ ဆုံးမဩဝါဒကို လိုက်နာကြသောအခါဝယ် သက်တမ်းအားဖြင့်၎င်း, အဆင်းအားဖြင့်၎င်း, အစိုးရမှု (ဝါ) သူတပါးလေးစားခံရမှုအားဖြင့်၎င်း တိုးတက်တတ်ကြပြီး၊ မလိုက်နာကြသောအခါ ဆုတ်ယုတ်တတ်၏။

(ဤဝဋ္ဋဂါမိကုသိုလ်နှင့်စပ်သဖြင့် နောက်ထပ် အကျယ်ချဲ့ဟောလိုသဖြင့် ဘူတပုဗ္ဗံ ဘိက္ခဝေ စသည်ဖြင့် ဤစက္ကဝတ္တိသုတ် ဒေသနာတော်ကို ဆက်၍ ဟောတော်မူ၏။)

**စာပိုဒ်=၈၂**

**စကြာရတနာ အချက်ပြပုံ**

စကြာရတနာ၏ တည်ရာအရပ်မှ အနည်းငယ် လျောကျခြင်းကို အောက်သို့လျောခြင်း "ဩသက္ကိတ"ဟုခေါ်၏။ အောက်နှုတ်ခမ်းစွန်းနေရာ အမှတ်အသားလွန်အောင် လျောကျင်းခြင်းကို တည်ရာမှ ရွေ့ခြင်း "ဌာနစုတ"ဟု ခေါ်၏။ ထိုသို့ အောက်နှုတ်ခမ်းစွန်းနေရာ ရောက်အောင် လျောကျခြင်းသည် စကြာမင်း၏ အလွန်အားကြီးသော အပြစ်ဖြစ်မှုသာ လျောကျလေသည်။

**မင်းချင်းယောကျ်ား အစောင့်ထား**

ထိုသို့ စကြာရတနာ နေရာမှ ရွေ့-မရွေ့သိနိုင်ရန် မင်းချင်းယောကျ်ားတစ်ယောက်ကို ခန့်အပ်ထားရ၏။ အရေးကြီးသဖြင့် "ဇီဝိတဥ္စ မေ တဝ ဟတ္ထေ နိက္ခိတ္တံ= ငါ့အသက်ဟာ မင်းလက်ထဲမှာ ရှိတယ်"ဟု မှာထား၏။ မင်းချင်းယောကျ်ားက တနေ့ သုံးကြိမ် စစ်ဆေးရ၏။

**စကြာရတနာ အချက်ပြလာ-**

နှစ်များစွာ ကြာသောအခါ စကြာရတနာ လျောကျလာ၏။ မင်းချင်းယောကျ်ား စကြာမင်းကြီးကို လျှောက်ထား၏။ ထိုအခါ အလွန်တရာ ပူလောင်သောကဖြစ်၏။ "ငါသည် ကြာမြင့်စွာ အသက်ရှည်တော့မည် မဟုတ်၊ အနည်းငယ်သာ နေရတော့အံ့။ ယခုအခါ ကာမဂုဏ် သုံးဆောင်ခံစားနေရမည့်အခါ မဟုတ်တော့။ ရသေ့ရဟန်း ပြုရမည့်အခါပေတည်း"ဟု စဉ်းစားဆင်ခြင်လေ၏။

**သားကြီးကို နန်းအပ်**

ထိုအကြောင်းပြောပြပြီး သားကြီးကို ထီးနန်းလွှဲအပ်၏။ ၎င်းနောက် မင်္ဂလာဉယျာဉ်တော်တွင်း သင်ခန်းကျောင်း၌ ရသေ့ရဟန်း(ကာသိ ပဗ္ဗဇ္ဇ)ပြု၍ နေလေ၏။

**တိုင်းပြည်ကိုလည်း အပ်**

စကြာမင်းသည် ဥပရာဇာ သားကြီးကို ထီးနန်းအပ်ရာ၌ အမျိုးအနွယ်အရ ပိုင်ဆိုင်သည့် ဇမ္ဗူဒိပ်ကျွန်းကိုသာ လွှဲအပ်နိုင်၏။ မြေပြင်(နိုင်ငံ)အားလုံးကို မပေးနိုင်။ အကြောင်းမှာ မြေပြင် အားလုံးသည် အမျိုးအနွယ်က ပိုင်ဆိုင်သော ဥစ္စာမဟုတ်။ စကြာမင်း၏ ပုဉ်းတန်ခိုးကြောင့်သာ ရရှိသော နယ်မြေဖြစ်၏။ ထို့ကြောင့် မလွှဲအပ်နိုင်, မပေးနိုင်။

**ရသေ့ရဟန်း (ဣသိ ပဗ္ဗဇ္ဇ)**

ရသေ့ရဟန်းပြုလျှင် ပထမဆုံးအကြိမ် ဆံမုတ်ဆိတ်ကို ပယ်၏။ ထိုနောင် ရှည်လာသော ဆံပင် တို့ကို မရိတ်တော့ ထုံးဖွဲ၍ ထားလိုက်တော့၏။ နောက်ထပ် မရိတ်တော့ပေ။

သင်္ကန်းကို ပထမအကြိမ်၌ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်၏။ နောက်ပိုင်းတွင်ကား လျှော်တေသင်္ကန်းကိုလည်း ဝတ်ရုံကြ၏။

**မင်းရသေ့ (ရာဇ ဣသိ)**

ထိုရသေ့သည် မင်းဘဝမှ ရသေ့ဝတ်လာသောကြောင့် သူ့ကို "ရာဇ ဣသိ=မင်းရသေ့"ဟု ခေါ်ကြ၏။

**စာပိုဒ်=၈၃**

**စကြာရတနာသည် အဖေ့အမွေ မဟုတ်**

ခမည်းတော်မင်းကြီး ရသေ့ဝတ်ပြီးနောက် စကြာရတနာကြီး ပျောက်ကွယ်သွား၏။ ထိုအခါ သားတော်အား ဝမ်းနည်းသောက ဖြစ်၏။ ထိုအခါ ဖခင်မင်းရသေ့မှ "စကြာရတနာသည် အဖေ့အမွေ မဟုတ်။ ပျင်းရိပြီး အကုသိုလ် ကမ္မပထတရား လိုက်စားနေသော သူ၏ အထံသို့ မလာရောက်နိုင်။ ၁၀-ပါးသော ကုသလကမ္မပထတရား၊ ၁၂-ပါးသော စကြာမင်းတို့ ကျင့်ဝတ်များကို ဖြည့်ကျင့်နေသူများ ထံသို့သာ လာရောက်၏"ဟု ဆုံးမစကား ပြောကြား၏။ ရလိုလျှင် ထိုစကြာမင်းတို့ ကျင့်ဝတ်ကို ကျင့်ရန် မှာကြား၏။

**စာပိုဒ်=၈၄**

**စကြာမင်းတို့ ကျင့်ဝတ်-**

စကြာမင်းကျင့်ဝတ်သည် စကြာမင်းဖြစ်ပြီးမှသာ ကျင့်ရမည်မဟုတ်လော?ဟု မေးစရာ ရှိ၏။ မဟုတ်ပေ။ ထိုကျင့်ဝတ်ကို ကျင့်လျှင် ကေန်စကြာမင်း ဖြစ်လိမ့်မည်ဖြစ်သောကြောင့် မဖြစ်သေးခင်လည်း ကျင့်ရမည်။ ဖြစ်ပြီးနောက်၌လည်း ဆက်လက်၍ ကျင့်နေရမည်သာ ဖြစ်၏။

**စကြာမင်းတို့ လိုက်နာဆောင်ရွက်ရမည့် အရာများ-**

၁။ တရားကိုသာ အမှီပြုပါ၊

၂။ ။ အရိုအသေပြုပါ၊ (လေးလေးစားစား ပြုပါ)

၃။ ။ အလေးအမြတ်ပြုပါ၊

၄။ ။ မြတ်နိုးပါ။ (ချစ်မြတ်နိုးပါ, ချီးမွမ်းပါ)

၅။ ။ ပူဇော်ပါ။ (ပန်းနံ့သာတို့ဖြင့် ပူဇော်ပါ)

၆။ ။ တုပ်ဝပ်ပါ။ (လက်အုပ်ချီခြင်း, ရှိခိုးမှုကို ပြုပါ)

၇။ ။ တံခွန်သဖွယ် ပြုပါ။ (အလံတံခွန်ကဲ့သို့ ရှေ့သွားပြုပါ)

၈။ ။ မှန်ကင်းကဲ့သို့ ထားပါ။ (မှန်ကင်းကဲ့သို့ ဦးထိပ်မှာ တင်ထားပါ)

၉။ ။ အကြီးအမှူး ပြုပါ။ (အရာခပ်သိမ်း တရားကို စိတ်ကိုင်းညွတ်လျက် လုပ်ပါ)

၁၀။ သားမယားတို့ကိုငင်း၊ စစ်သည်ဗိုလ်ပါတို့ကိုငင်း၊ လက်အောက်ခံ အရံမင်းတို့ကိုငင်း၊ ပုဏ္ဏားနှင့် အမျိုးသားတို့ကိုငင်း၊ နိဂုံး ဇနပုဒ်သားတို့ကိုငင်း၊ သမဏ ဗြာဟ္မဏတို့ကိုငင်း၊ သားငှက်တို့ကိုငင်း၊ **တရားနှင့် လျော်ညီစွာ စောင့်ရှောက်ရေး- ကာကွယ်ရေး(တားမြစ်မှု)- လုံခြုံရေး** တို့ကို စီရင်ပါ။

၁၁။ နိုင်ငံတော်တွင်း၌ အနိုင်အထက် နှိပ်စက်မှုများ မဖြစ်ပါစေနဲ့။

(မာ စ တေ တာတ ဝိဇိတေ အဓမ္မကာရော ပဝတ္တိတ္ထ။)

၁၂။ ပစ္စည်းဥစ္စာ မရှိသူများကို ပစ္စည်းဥစ္စာ ပေးပါ။

၁၃။ မာန်ယစ်ခြင်း မေ့လျော့ခြင်းကင်း၍ မိမိစိတ်ကို ဆုံးမပြီး ငြိမ်သက်အေးငြိမ်းသော စိတ်ရှိကြကုန်သော သူတော်ကောင်း သမဏ, ဗြာဟ္မဏတို့ထံသို့ ချဉ်းကပ်၍ ရှောင်ကြည်ရမည့်တရား, ပြုလုပ်ရမည့်တရားများကို မေးမြန်းပါ။

၁၄။ ထိုပညာရှိသူတော်ကောင်းတို့ ဆုံးမသည့်အတိုင်း အပြစ်ရှိသောတရားကို ရှောင်၊ အပြစ်ကင်းသော တရားကို ဆောက်တည်၍ ကျင့်ပါလေ။

++++++

**၁။ ဓမ္မ-အရ**

ကုသိုလ်ကမ္မပထတရား ၁၀-ပါးကို ဆိုလိုသည်။

**၁၀။ စောင့်ရှောက်ခြင်း(ရက္ခ)ဟူသည်-**

၁။ သည်းခံခြင်း **ခန္တီ၊**

၂။ မညှင်းဆဲခြင်း-သနားကြင်နာခြင်း **ကရုဏာ၊**

၃။ ချစ်ခင်ခြင်း **မေတ္တာ၊**

(ဤသုံးပါးဖြင့် အခြားသူများကို ဒိဋ္ဌဓမ္မိကဘေး စသည်မှ စောင့်ရှောက်သောသူသည် မိမိကိုယ်ကိုယ်လည်း စောင့်ရှောက်ပြီး ဖြစ်၏။)

**အိမ်တွင်းလူ စသည်တို့ကို စောင့်ရှောက်ခြင်းစသည် ပြုပုံ-**

(က) ဇနီးမယား သမီးသားတို့ကို သီလကို စောင့်ထိန်းပါစေ (**ရက္ခ**)၊ အဝတ်တန်ဆာ နံ့သာပန်း စသည်ကိုလည်း ပေးပါလေ (**အာဝရဏ**)။ ဘေးရန်အပေါင်းမှလည်း ကာကွယ်တားမြစ်ပါလေ (**ဂုတ္တ**)။

(ခ) စစ်သည်ဗိုလ်ပါအပေါင်းတို့အား (ဝန်ထမ်းတို့အား) လစာရိက္ခာပေးရမည့်ရက်ကို မကျော်လွန်စေဘဲ ပေးပါလေ။

(ဂ) အဘိသိက်သွန်းပြီးသော မင်းတို့ကို ကောင်းမြတ်သော မြင်းအာဇာနည် စသည့် ရတနာတို့ကို ပေးခြင်းဖြင့်လည်း သိမ်းသွင်းချီးမြှောက်ပါ။

(ဃ) အဘိသိက်မသွင်းရသေးသည့် နောက်လိုက်မင်းတို့ကိုလည်း လျောက်ပတ်သော ရထား စသည့် သက်မဲ့ယာဉ်၊ ဆင်၊မြင်းစသည့် သက်ရှိယာဉ်တို့ကို ပေးခြင်းဖြင့် သူတို့စိတ်ကို နှစ်သက်နိုင် ပါစေ (ဆွဲဆောင်နိုင်ပါစေ)။

(င) ဗြာဟ္မဏတို့အား စားဖွယ်သောက်ဖွယ် အဝတ် အစရှိသော လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းခြင်း ဖြင့်၎င်း၊ အိမ်ရှင်ယောကျ်ားတို့အား ထမင်း၊ မျိုးစေ့၊ ထွန်တုံး ထွန်သွား၊ နွားစသည်တို့ကို ပေးခြင်း၎င်း ထိုသူတို့စိတ်ကို နှစ်သက်စေရမည်။

(စ) နိဂုမ်း၊ ဇနပုဒ်၌ နေသူတို့အားလည်း ထိုနည်းတူ ထိုသူတို့စိတ်ကို နှစ်သက်စေရမည်။

(ဆ) မကောင်းမှုများ ငြိမ်းစေပြီးသော သမဏ၊ မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏတို့အား ရဟန်းပရိက္ခရာတို့ကို လှူဒါန်းပေးကမ်းခြင်းဖြင့် ပူဇော်သက္ကာ ပြုရမည်။

(ဇ) သားငှက်တို့အား ဘေးမဲ့ပေးသောအားဖြင့် စိတ်သက်သာရာကို ပေးရမည်။

**၁၁။ နိုင်ငံအနှံ့ ငြိမ်းချမ်းပါစေ**

မိမိအာဏာပျံ့နှံ့ရာ နိုင်ငံအတွင်း တနံတလျား၌ မတရားမှုများ မဖြစ်ပေါ်နိုင်အောင် စီရင်ထားပါလေ။

### ၁၃။ သူတော်ကောင်း သမဏ ဗြာဟ္မဏ-ဟူသည်

သေဃျစသော မာန်ကိုးပါးဖြင့် မာန်ယစ်ခြင်းမှရှင်း၊ ကာမဂုဏ်တို့၌ စိတ်ကိုလွတ်ထားခြင်းဟူသော မေ့လျော့ခြင်းမှရှင်း ကင်းကြကုန်၏။ မိမိအပေါ် ကာယကံ ဝစီကံတို့ဖြင့် ကျူးလွန်ခြင်းကို သည်းခံခြင်းဟူသော အဓိဝါသနခန္တီနှင့်လည်း ပြည့်စုံကြ၏။ ကောင်းသောအမှု၌ မွေ့လျော်ကြကုန်၏။ မိမိ၏ ရာဂစသောကိလေသာတို့ကို ဆုံးမကုန်လျက် မိမိစိတ်ကို ငြိမ်အေးစေကုန်၏။

### ရှောင်ရန် ဆောင်ရန်တို့ ဥပမာ-

အပြစ်ရှိသောတရား, မကောင်းမှုအကုသိုလ်များကို မစင်ကဲ့သို့ငှင်း၊ အဆိပ်ကဲ့သို့ငှင်း၊ မီးကဲ့သို့ငှင်း၊ ကောင်းစွာ ရှောင်ကြဉ်ပါလေ။

အပြစ်ကင်းသောတရား, ကုသိုလ်တရားတို့ကို မွှေးသောပန်းဆိုင်ကဲ့သို့ငှင်း၊ အမြိုက်သုဓာကဲ့သို့ငှင်း ကောင်းစွာဆောင်ထား၍ ကျင့်ပါလေ။

### စကြာမင်းကျင့်ဝတ် ၁၀-ပါး, (သို့မဟုတ်) ၁၂-ပါးကို ရေတွက်ပုံ

၁။ အန္တောဇနသ္မိံ ဗလကာယေ = အိမ်တွင်း သားမယားနှင့် စစ်သည်များအပေါ်၌ ကျင့်ဝတ်တစ်ပါး၊
၂။ ခတ္တိယေသု = အဘိသိက်သွင်းပြီးသော မင်းတို့၌ ကျင့်ဝတ်တစ်ပါး၊
၃။ အနုယန္တေသု = အဘိသိက်မသွင်းသေးသော နောက်လိုက်မင်းတို့၌ ကျင့်ဝတ်တစ်ပါး၊
၄။ **ဗြာဟ္မဏ-ဂဟပတိကေသု**= ပုဏ္ဏားနှင့် အိမ်ရှင်အမျိုးသားတို့၌ ကျင့်ဝတ်တစ်ပါး၊
၅။ နေဂမ,ဇာနပဒေသု = နိဂုမ်းနှင့် ဇနပုဒ်နေသူတို့အပေါ် ကျင့်ဝတ်တစ်ပါး၊
၆။ သမဏဗြာဟ္မဏေသု= သမဏနှင့် ဗြာဟ္မဏတို့အပေါ်၌ ကျင့်ဝတ်တစ်ပါး၊
၇။ **မိဂ-ပက္ခီသု**= သားကောင်မျိုးနွယ်နှင့် ငှက်မျိုးနွယ်တို့အပေါ် ကျင့်ဝတ်တစ်ပါး၊
၈။ အဓမ္မကာရပ္ပဋိက္ခေပေါ= နိုင်ငံတွင်း မတရားမှု မဖြစ်ပေါ်ရေး ကျင့်ဝတ်တစ်ပါး၊
၉။ အဓနာနံ ဓနာနုပ္ပဒါနံ= ဆင်းရဲသားတို့အား ဥစ္စာပစ္စည်းပေးရခြင်း ကျင့်ဝတ်တစ်ပါး၊
၁၀။ သမဏဗြာဟ္မဏေ ဥပသင်္ကမိတွာ ပဥှပုစ္ဆနံ= ပညာရှိရဟန်းပုဏ္ဏားတို့အား ချဉ်းကပ်၍ မေးမြန်းရခြင်း ကျင့်ဝတ်တစ်ပါး၊

၎င်း၁၀-ပါးမှ **ဗြာဟ္မဏ** နှင့် **ဂဟပတိ**ကို မပေါင်းပဲ ကျင့်ဝတ်တစ်ပါးစီ ခွဲ၍၎င်း၊ **မိဂ**နှင့် **ပက္ခိဇာတ**ကို မပေါင်းပဲ တစ်ပါးစီ ခွဲ၍၎င်း ရေတွက်လျှင် စကြာမင်းကျင့်ဝတ် ၁၂-ပါး ဖြစ်၏။

**တနည်း။** ။အထက်ပါ နှစ်ပါးကို မခွဲလိုလျှင် မတပ်မက်သင့်သောအရာ၌ တပ်မက်ခြင်း **အဓမ္မရာဂ**၊ သင့်တော်သောအရာ ဖြစ်သော်လည်း လွန်လွန်ကဲကဲ တပ်မက်ခြင်း **ဝိသမလောဘ**-ဤနှစ်ပါးကို ထည့်၍ ရေတွက်လျှင် ၁၂-ပါး ဖြစ်၏။

**စကြာမင်းဖြစ်ရန် ဖြည့်ကျင့်ရသော နှစ်အပိုင်းအခြား-**

စကြာမင်းဖြစ်ကြောင်း ရှေးကောင်းမှုရှိသော ထက်မြက်သော **တိက္ခပုဂ္ဂိုလ်**သည် အောက်-ထစ်ဆုံးအားဖြင့် **၁၂-နှစ်**။ အလတ်စား **မဇ္ဈိမပုဂ္ဂိုလ်**သည် **၂၅-နှစ်**၊ အနုစား **မုဒုပုဂ္ဂိုလ်**သည် အနှစ် **၅၀**-ဖြည့်ကျင့်ရ၏။ ထိုကဲ့သို့ ရှေးကောင်းမှုမရှိသော ပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသော အပိုင်းအခြားထက် လွန်အောင် ဖြည့်ကျင့်မှ ပြည်၏။ (ဋီကာ)

**စာပိုဒ်။ ၉၀**

**ရှေးအစဥ်အလာဖျက်၍ တိုင်းပြည်ပျက်...**

ရှေးသူတော်ကောင်းမင်းတို့၏ အစဉ်အလာ ကျင့်ဝတ်ကို ပယ်စွန့်ကာ မလိုက်နာပဲ မိမိ ထင်မြင်ရာအတိုင်း တိုင်းပြည်ကို အုပ်ချုပ်၏။ ထိုအခါ တိုင်းပြည်သည် ရှေးမင်းများ လက်ထက်က ကဲ့သို့ မတိုးတက်တော့ပဲ တဖြည်းဖြည်း ကျဆင်း ဆုတ်ယုတ်လာတော့၏။

အချို့အရပ်ဒေသ၌ လုယက်မှု, သတ်ဖြတ်မှုများ တိုးပွားလာကုန်၏။ အချို့အရပ်၌ လူများ ရပ်ရွာကို စွန့်ခွာထွက်ပြေးကြ, တိမ်းရှောင်ကြရသဖြင့် လူတို့မှ ကင်းဆိတ်ကုန်၏။

ထို့နောက်တွင် ဆီ, ပျားရည်, တင်လဲ စသည်တို့သည်၎င်း၊ ယာဂု,ထမင်းစသည်တို့သည်၎င်း အဆီသြဇာမှ ဆုတ်ယုတ်ကုန်၏။

ထိုမင်းသည် မဃဒေဝမင်း၏ အနွယ်ကို ဖြတ်တတ်သော ကဠာရဇနက မင်းကဲ့သို့၊ ဒဠှနေမိ မင်း၏ အနွယ်ကို ဖြတ်တတ်သော နောက်ဆုံးမင်း(အမျိုးဖြတ်မင်း)ပင် ဖြစ်လေတော့၏။

**အမစ္စ- အမှုဆောင်အမတ်** ဟူသည်-

မင်းတို့၏ ထိုထိုကိစ္စ မှန်သမျှ၌ မင်းနှင့်အတူတကွ တိုင်ပင်ကာ လုပ်ဆောင်ရသောကြောင့် အမတ်-ဟုခေါ်၏။ ထိုအမတ်ကြီးများနှင့် ကင်း၍ မင်း၏ကိစ္စ မပြီးမြောက်နိုင်။

**ပါရိသဇ္ဇ- အခြံအရံ ပရိသတ်-**

အစဉ်အဆက်ဖြင့် ရောက်လာကြပြီး မင်း၏ နောက်လိုက်အခြံအရံ၌ ဖြစ်ကြရသောကြောင့် ပရိသတ်-ဟုခေါ်၏။

**ဂဏက-ဘဏ္ဍာရေးအမတ်-**

တွက်ချက်မှု ကျွမ်းကျင်သောသူကို ရာထူးဌာနန္တရ ခန့်အပ်ထားပြီး မင်း၏ ဝင်ငွေကိုဒင်း, ထွက်ငွေကိုဒင်း တွက်ချက်ရေတွက်ရသောကြောင့် စာရေးအမတ်ကြီးဟု ခေါ်၏။

**မဟာမတ္တ-အမတ်ကြီး**

ဇာတ်, အမျိုး, အကြားအမြင် ဗဟုသုတ, အကျင့်သီလ စသည်တို့၏ အစွမ်းဖြင့် များသည်၏ အဖြစ်သို့ ရောက်သဖြင့် ကြီးကျယ်သော အတိုင်းအရှည် ရှိကြသောကြောင့် ထိုသူတို့ကို အမတ်ကြီး-ဟု ခေါ်၏။ ထိုအမတ်ကြီးများသည် အရှိန်သြဇာလည်း ကြီးမားကြကုန်၏။

**မန္တသာဇီဝိနော- မင်းတိုင်ပင်အမတ် (ဝါ) ဥပဒေပြုအမတ်**

မင်း၏ အနီးအပါး၌နေပြီး ပညာကို အမှီ၍ အသက်မွေးကုန်သော မင်းတိုင်ပင် အမတ်များ (ဝါ) ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် အမတ်များ။

**စာပိုဒ်။ ၉၁**

**လောဘကြီးသော စကြာမင်း**

"ဤလောက၌ ဆင်းရဲမွဲတေသူက များလှ၏။ သူတို့အားလုံးကို ပေးနေရလျှင် ငါ့ဥစ္စာဘဏ္ဍာတွေ ကုန်ဆုံးသွားလိမ့်မည်"ဟု တွေးတောကာ နှမြောတွန့်တိုပြီး မပေးကမ်း, မထောက်ပံ့ပေ။

**မပေးကမ်းခြင်း၏ အကျိုး၏ဆက်-**

၈-ဆက်မြောက် စကြာမင်းသည် အမတ်ကြီးများကို တိုင်ပင်မေးမြန်း၍ တိုင်းသူပြည်သားကို **စောင့်ရှောက်ရေး, တားဆီးရေး, လုံခြုံရေးများ**ကိုတော့ စီရင်ပေး၏။ သို့သော် နှမြောတွန့်တိုကာ **ဆင်းရဲသားများကို မပေးကမ်း, မထောက်ပံ့ခြင်းကြောင့်** ဆင်းရဲမွဲတေမှု ကြီးထွားလာပြီး တိုင်းပြည်တွင်း၌ ခိုးမှုများ တိုးပွားလာတော့၏။

**စာပိုဒ်။ ၉၂**

**ဘေးထွက်ဆိုးကျိုး**

ခိုးမှုပျောက်အောင် ပစ္စည်းများ ပေးသောအခါ ကျန်သူများက "ခိုးသူကို ဥစ္စာပေးသတတ်၊ ဆုချသတတ်"ဟု ဆိုကာ ခိုးမှုများ ပို၍ တိုးပွားလာတော့၏။ ထို့ကြောင့် ဘုရင်က ခိုးမှုပ,ပျောက်စေရန် ခိုးသူကို သတ်မိန့်ထုတ်လိုက်၏။

**စာပိုဒ်။ ၉၃**

**သတ်မှု လုယက်မှုများ တိုးလာ**

'ခိုးလျှင် သတ်သည်'ဟု ဆိုသဖြင့် သူခိုးများကလည်း လက်နက်များ ကိုင်ဆောင်ကုန်၏။ ဥစ္စာရှင်များကို ဦးစွာသတ်၍ ဥစ္စာကို ယူကုန်၏။ ဤသို့အားဖြင့် လမ်း၌လည်း လုယက်သတ်ဖြတ်ကုန်၏။ မြို့ရွာအနှံ့ လုယက်သတ်ဖြတ်မှုများ တိုးပွားကုန်၏။

ဤသို့ သတ်ခြင်း၌ သူခိုးဓားပြများက "ဘုရင်ကသတ်၍ သူတို့လည်း သတ်သည်"ဟု ဆိုကြ၏။

**ခိုးမှု, သတ်မှုကြောင့် သက်တမ်းဆုတ်ယုတ်**

လောက၌ ခိုးမှု, လက်နက်မှု, လုယက်မှု, သတ်ဖြတ်မှုများ တိုးပွားလတ်သော် လူ့သက်တမ်း **၈-သောင်းမှ ၄-သောင်းတန်း**အထိ ကျဆင်းသွား၏။

**စာပိုဒ်။ ၉၄**

**လိမ်လည်မှု တိုးလာ**

သူခိုးက ခိုးကြောင်း ဝန်ခံလျှင် အသတ်ခံရမည်။ ထို့ကြောင့် အသတ်ခံရမည်ကြောက်သဖြင့် "သူမခိုးရပါကြောင်း" လိမ်လည်၍ ပြောဆိုလာကြ၏။

**လိမ်လည်မှု ထပ်တိုးလာ**

လောက ခိုးမှု, သတ်မှု, လက်နက်မှု, လုယက်မှု, **လိမ်ညာမှုများ** တိုးပွားလာသောအခါ လူ့သက်တမ်း **၄-သောင်းမှ ၂-သောင်း**အထိ ကျဆင်းသွား၏။

**စာပိုဒ်။ ၉၅**

**ကုန်းချောမှု ပေါ်လာ**

သူတပါးဥစ္စာကို ခိုးသည်ကို မြင်သောသူက ဘုရင်ကြီးကို သွား၍ ကုန်းချော၏။ ထိုမှစ၍ လောက၌ ကုန်းချောမှုပါ တိုးလာပြီး သက်တမ်း **၂-သောင်းမှ ၁-သောင်း**သို့ ကျဆင်းသွား၏။

**စာပိုဒ်။ ၉၆**

**ကာမေသု မိစ္ဆာစာရ ပေါ်လာ**

သက်တမ်း တစ်သောင်းခေတ်၌ အချို့သူတို့သည် အဆင်းလှ၍, အချို့ကား အဆင်းမလှကြ။ ဤတွင် အဆင်းမလှသော သူတို့သည် အဆင်းလှသောသူတို့ကို တပ်မက်ကုန်၏။ ထို့ကြောင့် သူတပါး တို့၏ သားမယားကို ပြစ်မှားခြင်း ကာမေသု မိစ္ဆာစာရ ပေါ်လာ၏။

ထိုသို့ပေါ်လာခြင်းကြောင့် လူတို့သက်တမ်း **၁-သောင်းမှ ၅-ထောင်**အထိ ကျဆင်းသွားပြန်၏။

**စာပိုဒ်။ ၉၈**

**ဖရုသဝါစာ နှင့် သမ္ဖပ္ပလာပ ပေါ်လာ**

လောက၌ နောက်ထပ် ကြမ်းတမ်းသောစကား ဖရုသဝါစာနှင့် ပြိန်ဖျင်းသောစကား သမ္ဖပ္ပလာပ တရား တိုးပွားလာပြန်၏။ ထိုအခါ လူတို့သက်တမ်းသည် **အနှစ် ၅-ထောင်မှ ၂၅၀၀-**သို့ ကျဆင်းသွား ပြန်၏။

**စာပိုဒ်။ ၉၉**

**အဘိဇ္ဈာနှင့် ဗျာပါဒ ပေါ်လာ**

သက်တမ်း ၂၅၀၀-ရှိသော လူတို့၌ သူတပါးပစ္စည်းကို လိုချင်တပ်မက်မှု အဘိဇ္ဈာနှင့် ပျက်စီးစေ လိုမှု ဗျာပါဒ-တို့ ဖြစ်ပွားလာကြ၏။ ထိုအခါ လူတို့သက်တမ်းသည် **၂၅၀၀-မှ ၁-ထောင်**သို့ ဆုတ်ယုတ် သွား၏။

**စာပိုဒ်။ ၁၀၀**

## မိစ္ဆာဒိဋ္ဌိ အယူများ ပေါ်လာခြင်း

လူ့သက်တမ်း ၁-ထောင်ခေတ်တွင် နတ္ထိကဒိဋ္ဌိ- (ပေးလှူရခြင်း၌ ဘာမျှ အကျိုးမရှိ၊ နောက်ဘဝ မရှိ၊ မိဘ၌ လုပ်ကျွေးရသဖြင့် အကျိုးမရှိ) စသော မှားမှားယွင်းယွင်း ယူဆမှု မိစ္ဆာအယူဝါဒများ ပေါ်လာ၏။ ထိုအခါ လူတို့သက်တမ်းသည် **၁-ထောင်မှ ၅-ရာ**သို့ ကျဆင်းသွားပြန်၏။

**စာပိုဒ်။ ၁၀၁**

## အဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မ တရားသုံးပါး ပေါ်လာခြင်း

လူတို့သက်တမ်း ၅-ရာခေတ်တွင် လူတို့သည် အမိနှင့်သား၊ အဖနှင့် သမီး စသည့် မဖြစ်သင့်သော တပ်မက်မှု အဓမ္မရာဂ၊ ခံစားရန်ပင် သင့်လျော်သော်လည်း အလွန်အားကြီးသည့် တပ်မက်မှု ဝိသမလောဘ၊ ယောကျ်ားအချင်းချင်း, မိန်းမအချင်းချင်း တပ်မက်သည့် မိစ္ဆာဓမ္မ ဤတရားသုံးပါးတို့ တိုးပွားလာပြန်၏။ ထို့အခါ သတ္တဝါတို့သက်တမ်းသည် **အနှစ် ၅၀၀-မှ ၂၅၀/၂၀၀** သို့ ကျဆင်းသွားပြန်၏။

## မဖြစ်သင့်သော တပ်မက်မှု-အဓမ္မရာဂ

(သားနှင့် အမိ၊ အဖနှင့် သမီး၊ အကိုနှင့် နှမ၊ အမနှင့် မောင်) ထိုနည်းတူစွာ ဒေါ်ကြီး, ဒေါ်လေး တို့၌၎င်း, အရီးကြီး, အရီးလေးတို့၌၎င်း... ဤသို့ စသော ပုဂ္ဂိုလ်တို့အပေါ်၌ မဖြစ်သင့်သောရာဂမျိုးကို အဓမ္မရာဂဟု ခေါ်၏။

## အလွန်အားကြီးသော တပ်မက်မှု- ဝိသမ(အတိဗလဝ)လောဘ...

သုံးဆောင်ခံစားခြင်းငှာ သင့်လျော်သော အရာတို့၌သော်မှလည်း အချိန်အခါမဟုတ်, နေရာဌာန မဟုတ်သော နေရာတို့၌ ဖြစ်သောရာဂမျိုးတည်း။ (ဥပမာ... မိမိ၏ ဇနီးမယား အပေါ်၌သော်မှလည်း အချိန်အခါမရွေး, နေရာဒေသမရွေး ဖြစ်သောရာဂမျိုးကို ဆိုလိုသည်။)

## မှားယွင်းသော အကျင့်တရား- မိစ္ဆာဓမ္မ (Wrong Practice)

ယောကျ်ားအချင်းချင်း, မိန်းမအချင်းချင်း(သဘာဂဝတ္ထု) လိင်တူအချင်းချင်း နှစ်သက် တက်မက်မှုသည် လောက၏ ဖြစ်တည်မှု သဘာဝတရားနှင့် ဆန့်ကျင်ကာ ဖေါက်ပြန်နေသောကြောင့် ထိုအကျင့်မျိုးကို မိစ္ဆာဓမ္မ-ဟု ခေါ်၏။

**စာပိုဒ်=၁၀၂**

**ဒုစရိုက်တရားများ အဆင့်ဆင့် ဖြစ်ပေါ်လာမှုကြောင့် သက်တမ်း ဆုတ်ယုတ်လာပုံ**

၁။ သူဆင်းရဲတို့အား ပစ္စည်းဥစ္စာ မပေးခြင်းကြောင့် ဆင်းရမှု တိုးပွားလာ၏။

၂။ ဆင်းရဲမှုတိုးပွားလတ်သော် ခိုးမှု(အဒိန္နဒါန)တိုးပွားလာ၏။

၃။ ခိုးမှုတိုးပွားလတ်သော် လက်နက်ကိုင်မှု(သတ္ထ) တိုးပွားလာ၏။

၄။ လက်နက်ကိုင် တိုးပွားလတ်သော် သတ်မှု(ပါဏာတိပါတ)တိုးပွားလာ၏။

၅။ သတ်မှုတိုးပွားလတ်သော် လိမ်ညာမှု(မုသာဝါဒ) တိုးပွားလာ၏။

၆။ လိမ်ညာမှုတိုးပွားလတ်သော် ကုန်းချောမှု(ပိသုဏဝါစာ) တိုးပွားလာ၏။

၇။ ကုန်းချောမှုတိုးပွားလတ်သော် ကာမဂုဏ်၌ မှားယွင်းမှု(ကာမေသု မိစ္ဆာစာရ) တိုးပွားလာ၏။

၈။ ကာမေသုမိစ္ဆာစာရ တိုးပွားလတ်သော် ကြမ်းတမ်းသောစကား(ဖရုသဝါစာ)နှင့် ပြိန်ဖျင်းသောစကား (သမ္ဖပ္ပလာပ)တို့ တိုးပွားလာ၏။

၉။ ဖရုသဝါစာနှင့် သမ္ဖပ္ပလာပတို့ တိုးပွားလတ်သော် သူတပါးပစ္စည်း အချောင်ရလိုမှု(အဘိဇ္ဈာ)နှင့် ပျက်စီးစေလိုမှု(ဗျာပါဒ)တို့ တိုးပွားလာ၏။

၁၀။ အဘိဇ္ဈာနှင့် ဗျာပါဒတို့ တိုးပွားလတ်သော် မှားယွင်းသောအယူအဆ (မိစ္ဆာဒိဋ္ဌိ) တိုးပွားလာ၏။

၁၁။ အယူအဆ အတွေးအခေါ် အမှားတို့ တိုးပွားလတ်သော မတရားသော တပ်မက်မှု(အဓမ္မရာဂ)၊ အလွန်အကြူး တပ်မက်မှု(ဝိသမလောဘ)၊ ဖေါက်ပြန်မှားယွင်းသောအကျင့် (မိစ္ဆာဓမ္မ)တို့ တိုးပွားလာ၏။

၁၂။ ထိုတရားတို့ တိုးပွားလတ်သော အမိ, အဖ, သမဏ, ဗြဟ္မဏတို့၌ ပြုသင့်သော ဝတ္တရားတို့ကိုလည်း မပြုခြင်း၊ အမျိုးတို့၌ ကြီးကုန်သော ဘကြီးဘလေး စသောသူတို့ကိုလည်း ရိုသေဂါရဝ မပြုလုပ်ခြင်းတို့ တိုးပွားလာကုန်၏။

ထိုတရားတို့ အဆင့်ဆင့် တိုးပွားလာကုန်လတ်သော် လူတို့၏ သက်တမ်းရော အဆင်းပါ ဆုတ်ယုတ်ကုန်၏။ အသက် **(၂၅၀)**-ရှည်ကုန်သောသူတို့သည် အသက် **(၁၀၀)**-သာ ရှည်တော့၏။

**အမိ၌ ကောင်းစွာပြုသင့်သော ဝတ်ကို မပြုခြင်း- (အမတ္တေယျတာ)-**

အမိအပေါ်၌ မေတ္တာ ကရုဏာ ရှေ့သွားရှိသောစိတ်ဖြင့် ပြုစုလုပ်ကျွေးသော သားသမီးသည် (မတ္တေယျ)မည်၏။ ထိုသားသမီး၏ သန္တာန်၌ဖြစ်သော မေတ္တာ,ကရုဏာရှေးသွားရှိသော ကုသိုလ်စိတ်

သည်ငှင်း၊ ထိုစိတ်ကြောင့် ဖြစ်ပေါ်လာသော ရှိခိုးခြင်း, အရိုအသေပြုခြင်း, အဝတ်အစားစသည်ဖြင့် ပြုစုလုပ်ကျွေးခြင်း စသော သမ္မာပဋိပတ် အကျင့်မြတ်သည်ငှင်း မတွေ့ယျတာ မည်၏။

မလိမ္မာသော သားသမီးတို့ကား မိဘအပေါ်၌ ပြုရမည့် ရှိခိုးမှု, ပြုစုလုပ်ကျွေးမှုဟူသော သမ္မာပဋိပတ်ကို မပြုကြ။ တချို့ကာ မပြုရုံသာမက ဆဲဆိုငေါက်ငမ်းကာ ပြစ်မှားတတ်ကြသေး၏။ ထို သားသမီးတို့၏ သမ္မာပဋိပတ်ကို မကျင့်ခြင်းဟူသော အဂါရဝအမှုသည်ငှင်း, ပြစ်မှားခြင်းဟူသော ဝိပ္ပဋိပတ္တိအမှုသည်ငှင်း **အမတ္တေယျတာ** မည်၏။ (ဋီ)

☹ ☹ ☹ ☹ ☹

**စာပိုဒ်=၁၀၃/၁၀၄**

# နောင်အနာဂတ်၌ ဖြစ်လာလတ့်သော အရာများ...

**ဆယ်နှစ်တန်း၌-**

၁။ ငါးနှစ်သမီး အိမ်ထောင်ပြုလတ္တံ့။ (ပဥ္စမာသိက- ငါးလသမီး။ မူကွဲ)

၂။ ထောပတ် ဆီဦး ဆီ ပျား တင်လဲ ဆား စသော ကောင်းမြတ်သည့် အရသာများ ကွယ်ပျောက်လတ္တံ့။

၃။ လူးထမင်းသည် အမြတ်ဆုံးသော စားဖွယ်ဖြစ်လတ္တံ့။

၄။ ကုသိုလ်ကမ္မပထတရား ၁၀-ပါး အကြွင်းမဲ့ ကွယ်ပျောက်၍ အကုသိုလ်ကမ္မပထတရား ထွန်းကားလတ္တံ့။

၅။ ကောင်းမှုဟူသည် အမည်မျှပင် မရှိလတ္တံ့။ ကောင်းမှုပြုသူကား အဘယ်မှာရှိတော့အံ့နည်း။

၆။ အမိ, အဖ, သမဏ, ဗြာဟ္မဏတို့၌ ကျင့်ဝတ်ပျက်သူတို့သည် လောက၌ ပူဇော်ထိုက်, ချီးမွမ်းထိုက်သူများ ဖြစ်လာလတ္တံ့။

၇။ အမိဟူ၍ငှင်း, မိကြီး မိထွေးဟူ၍ငှင်း, အရီးကြီး အရီးလေးဟူ၍ငှင်း, ဆရာ့မယားဟူ၍ငှင်း, လေးစားအပ်သော ဘကြီးဘထွေးစသည်တို့၏ မယားဟူ၍ငှင်း ရိုသေစိတ် မဖြစ်တော့လတ္တံ့။ တိရစ္ဆာန်များ ကဲ့သို့ ရောယှက်ရှုပ်ထွေး စည်းကမ်းပျက်ခြင်းသို့ ရောက်လတ္တံ့။ (အမိ စသူတို့အပေါ်၌ ဇနီးကဲ့သို့ သဘောထား၍ ရာဂ၏အစွမ်းဖြင့် မှားမှားယွင်းယွင်း ကျင့်ခြင်းဟူသော ရောယှက်ခြင်း)

၈။ လူတို့သည် အချင်းချင်း **ပြင်းထန်သော** အမျက်ထွက်မှု, ပျက်စီးစေလိုမှု, မုန်းတီးမှု, **သတ်ဖြတ်လိုမှုတို့** ဖြစ်လတ္တံ့။ သားနှင့်အမိ၊ အဖနှင့် သား၊ မောင်နှင့်နှမတို့ အချင်းချင်း ပြင်းစွာ အမျက်ထွက်ကာ, မုန်းတီးပြီး သတ်ဖြတ်ကြကုန်လတ္တံ့။

၉။ ခုနစ်ရက်ပတ်လုံး လက်နက်ဘေး သတ္တန္တရကပ်ကြီး ဆိုက်လတ္တံ့ (၇-ရက် စစ်ပွဲကြီး ဖြစ်လတံ့)။ လူအချင်းချင်း သားကောင်ဟု ထင်မှတ်ကုန်လတ္တံ့။ ပြင်းထန်သော လက်နက်တို့သည် ထိုသူတို့လက်၌ ထင်ရှားဖြစ်လတ္တံ့။ ထိုလက်နက်ဖြင့် အချင်းချင်း သားကောင်ထင်ကာ သတ်ဖြတ်ကြကုန်လတ္တံ့။

၁၀။ ထိုအခါ အချို့လူတို့သည် တောတောင်များသို့ သွားရောက်ကာ ပုန်းရှောင်ကြလတ္တံ့။ ခုနစ်ရက် စစ်ပွဲကြီးပြီး၍ ပြန်တွေ့ကြသောအခါ ကျန်ရစ်သူတို့သည် အချင်းချင်း ချစ်ခင်စွာနေကြကုန်လတ္တံ့။

+++++++++

## ပြင်းထန်သော သတ်လိုစိတ် - တိဗ္ဗ ၀ဓကစိတ္တံ

ပြင်းထန်ဆိုးဝါးသော သတ်လိုစိတ်ဟူသည် လောက၌ ရန်သူ့အပေါ်ဝယ် သတ်လိုစိတ်ဖြစ်လျှင် ဖြစ်ရိုးဖြစ်စဉ် ဖြစ်သောကြောင့် အထူးပြောစရာ မလို။ ဆယ်နှစ်တန်း ဆုတ်ကပ်ကာလ၌ ကုသိုလ်မှန်း အကုသိုလ်မှန်းပင် မသိလောက်အောင် မတရာများ ထွန်းကားနေသော အခါ၌ကား အမိနှင့်သား, သားနှင့်အဖတို့သည် တစ်ယောက်နှင့်တစ်ယောက် မကြေနိုင်, မချမ်းနိုင် ရန်ညိုးဖွဲ့၍ သတ်ဖြတ်လိုစိတ် ဖြစ်နေသောကြောင့် ထိုစိတ်ကို တိဗ္ဗ-(ထက်မြက်ဆိုးဝါးသော)ဟု ထူးထူးခြားခြား ဝိသေသန မ,၍ ဆိုရသည်။

**ပိယမာနဿပိ ပရံ မာရဏတ္တာယ ၀ဓကစိတ္တံ**... စသည်.

လောက၌ ချစ်အပ်သူနှင့် ချစ်တတ်သူဟု နှစ်မျိုးရှိ၏။ ချစ်တတ်သူက ချစ်အပ်သူအပေါ်၌ သိနေဟ (တဏှာဖြင့်ချစ်ခြင်း သို့မဟုတ် မေတ္တာဖြင့်ချစ်ခြင်း) ဖြစ်ရိုးရှိ၏။ ချစ်အပ်သူကား ချစ်တတ်သူအပေါ်၌ **ချစ်ခြင်း-သိနေဟလည်း** ဖြစ်နိုင်၏။ **အာဃာတ ဒေါသလည်း** ဖြစ်နိုင်၏။ အာဃာတဖြစ်ရုံသာမက သတ်ချင် ဖြတ်ချင်သော ၀ဓကစိတ်လည်း ဖြစ်နိုင်၏။

(အချစ်ခံရသူက မိမိအား ချစ်နေသူအပေါ် သတ်လိုစိတ်ဖြစ်ပုံကို မဟာပဒုမဇာတ်၊ ကုဏ္ဍလ ကေသီဝတ္ထု စသည်တို့၌ ကြည့်ပါ။)

## အာဃာတ၏ တည်ရာအမှန်

“အမိ၏ အာဃာတသည် သား၌ တည်၏”ဟူရာ၌ အမိသည် သားအပေါ်၌ ရန်ညိုးဖွဲ့၏-ဟု ဆိုလို၏။ အမှန်ကား- အမိ၏ အာဃာတသည် သားအပေါ်၌ မတည်ပါ။ အမိအပေါ်၌သာ တည်ပါသည်။ သို့သော် လောက ပြောရိုးစဉ်လာအားဖြင့် “မာတုပိ ပုတ္တမှိ”ဟု ပုတ္တကို အာဃာတ၏တည်ရာ အဖြစ်ဖြင့် ဟောတော်မူပါသည်။

ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ "သရီရေ အဝဟန္တေပိ- ပုတ္တဟူသော ခန္ဓာကိုယ်က အာဃာတကို ဆောင်မထားပါသော်လည်း"ဟု ဋီကာဆရာ ဆိုခြင်းဖြစ်၏။ သိနေဟဝတ္ထုဖြစ်သော သားခန္ဓာသည် အမိ၏ အာဃာတကို ဆောင်မထားပါသော်လည်း လောကပြောရိုးဆိုစဉ်အရ သုံးခြင်းဖြစ်၏။ (ဋီ)

## လောကအစဉ်အလာကို ကျော်လွန်၍ဖြစ်ခြင်း

လောကဝယ် ရန်သူဖြစ်သော အာဃာတဝတ္ထုအပေါ်၌သာ အာဃာတစိတ် ဖြစ်ရိုးရှိ၏။ (အာဃာတဝတ္ထု ၉-ပါးကို သတိပြုပါ)။ ကိုယ်ချစ်အပ်သောအရာ သိနေဟဝတ္ထု အပေါ်၌ကား ဖြစ်ရိုး မရှိ။ ၁၀-နှစ်တမ်းကာလ၌ ဖြစ်သော ဤအာဃာတသည်ကား အာဃာတဝတ္ထုမှ နေ၍ ချစ်မြတ်နိုး အပ်သော ဝတ္ထုဖြစ်သော သားစသည်တို့ လောက အစဉ်အလာကို ခုန်ကျော်၍ ဖြစ်သောကြောင့် "သိနေဟဝတ္ထုံ လိင်္ဃိတွာ = ချစ်အပ်သော ဝတ္ထုသို့ ခုန်ကျော်၍ ဖြစ်ခြင်း"ဟု ဆိုခြင်းဖြစ်၏။ (ဋီ)

## ကပ္ပ-ဟူသည်

သတ္တလောက၌ တချို့သတ္တဝါတို့သည် ကာမဝိတက်စသော တဏှာနှင့်စပ်သော အကြံရှိ၏။ တချို့သတ္တဝါများသည် ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ခေါ်သော ဒေါသနှင့်စပ်သော အကြံရှိ၏။ ထို သူတို့၏ သန္တာန်၌ မောဟလည်း ဖြစ်နေ၏။ တချို့ကား ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်ခန္ဓာမှန်း မသိပဲ ပုဂ္ဂိုလ် သတ္တဝါ ငါ,သူတပါး ယောက်ျားမိန်းမဟု ထင်တတ်သော မောဟနှင့်စပ်သော အကြံလည်း ဖြစ်နေ၏။

ဤသို့ တဏှာ ဒေါသ မောဟ အကြံအစည်ရှိနေသော သတ္တဝါအပေါင်းကို "ကပ္ပ"ဟု ခေါ်၏။

## အန္တရကပ် ဟူသည်-

သံဝဋ္ဋကပ်ဟုခေါ်သော ကမ္ဘာပျက်စီးရမည့် အချိန်သို့ မရောက်မီ ကြားကာလ၌ သတ္တ-လောက၏ ပျက်စီးခြင်းကို "**အန္တရကပ်**"ဟု ခေါ်၏။

(ပျက်စီးရမည့် အချိန်သို့ရောက်၍ ကမ္ဘာ၏ ပျက်စီးခြင်းကို "**သံဝဋ္ဋကပ်**"ဟု ခေါ်၏။)

## အန္တရကပ် သုံးမျိုး

၁။ ဒုဗ္ဘိက္ခန္တရကပ်= သံဝဋ္ဋကပ်ဟု ခေါ်သော ကမ္ဘာပျက်စီးရမည့် အချိန်သို့ မရောက်မီ ကြားကာလ၌ပင် ငတ်မွတ်ခေါင်းပါး အစာရှားခြင်းကြောင့် သတ္တဝါအပေါင်း၏ ပျက်စီးခြင်း။

၂။ ရောဂန္တရကပ်= ကမ္ဘာပျက်စီးရမည့် အချိန်သို့ မရောက်မီ ကြားကာလ၌ပင် အနာရောဂါကြောင့် သတ္တဝါအပေါင်း၏ ပျက်စီးခြင်း။

၃။ သတ္တန္တရကပ်= ကမ္ဘာပျက်စီးရမည့် အချိန်သို့ မရောက်မီ ကြားကာလ၌ပင် လက်နက်ကြောင့် သတ္တဝါအပေါင်း၏ ပျက်စီးမှု။

**အဘယ်အချိန်၌ အဘယ်ကပ် ဖြစ်သနည်း?**

၁။ သတ္တဝါများ လောဘတရား လွှမ်းမိုးလာသောအခါ၌ ဒုဗ္ဘိက္ခန္တရကပ် ဖြစ်၏။

၂။ သတ္တဝါများ မောဟတရား လွှမ်းမိုးလာသောအခါ၌ (ကျန်းမာရေးဗဟုသုတ မရှိကြလေသော ကြောင့်) ရောဂန္တရကပ် ဖြစ်၏။

၃။ သတ္တဝါများ ဒေါသတရား လွှမ်းမိုးလာသောအခါ၌ သတ္ထန္တရာကပ် ဖြစ်၏။

**အဘယ်ကပ်ကြောင့် အဘယ်အရပ် ရောက်တတ်သနည်း?**

၁။ **ဒုဗ္ဘိက္ခန္တရကပ်ကြောင့်** ပျက်စီးကြရသော သတ္တဝါတို့သည် များသောအားဖြင့် **ပြိတ္တာဘုံ**သို့ ရောက် တတ်၏။ အကြောင်းကား- သတ္တဝါတို့သည် အာဟာရ၌ နှစ်သက်တွယ်တာမှု အားကြီးသောကြောင့် တည်း။

၂။ **ရောဂန္တရကပ်ကြောင့်** ပျက်စီးကြရသော သတ္တဝါတို့သည် များသောအားဖြင့် **နတ်ပြည်**သို့ ရောက် တတ်၏။ အကြောင်းမှာ- ထိုရောဂါကြောင့် သေကြရသော သတ္တဝါတို့သည် "ငါမှတပါး အခြားသော သတ္တဝါတို့သည် ဤသို့သော ရောဂါမဖြစ်ပါမူကား ကောင်းလေစွ"ဟု မေတ္တာစိတ် ဖြစ်ပေါ်တတ်သော ကြောင့်တည်း။

၃။ **သတ္ထန္တရကပ်ကြောင့်** ပျက်စီးကြရသော သတ္တဝါတို့သည် များသောအားဖြင့် **ငရဲ**သို့ ကျရောက်တတ် ၏။ အကြောင်းမှာ- အချင်းချင်း အလွန်အားကြီးသော ဒေါသအာဃာတ တရားများ ရှိတတ်သော ကြောင့်တည်း။

**လက်နှင့် ကိုင်မိသမျှ လက်နက်ဖြစ်**

ဆယ်နှစ်တန်းကာလ၌ လူတို့၏လက်ဖြင့် ထိအပ်သမျှ, ကိုင်လိုက်သမျှသော အရာအားလုံး သည် (အောက်ထစ်ဆုံးအားဖြင့် မြက်သစ်ရွက်သည်ပင်) ပြင်းထန်သော လက်နက်ဖြစ်ကုန်လတ္တံ့။

**လူကို လူလို့ မမြင်တော့ (မိဂသညာ)**

သတ္တဝါတို့သည် ဒေါသစိတ်ကြောင့် တစ်ယောက်နှင့်တစ်ယောက် လူဟု မထင်ကြတော့ပဲ (လူဟု မမြင်ကြတော့ပဲ) သတ်စရာ ဖြတ်စရာ သားကောင်ဟုသာ ထင်လာကြလိမ့်မည်။

**လူတို့ စိတ်ပြောင်းလာလတ့်**

ခုနစ်ရက် စစ်ပွဲကြီးဖြစ်သောအခါ တောတောင်များသို့ သွား၍ ပုန်းရှောင်သူ အနည်းငယ်သာ အသက်ရှင်ခွင့် ရကြ၏။ တစ်ခုတည်းသော အရပ်၌ လူနှစ်ယောက်ရှိလျှင် အချင်းချင်း မယုံရတော့ပဲ အသက်ရှင်မည်, သေမည်ကို မသိနိုင်တော့ပေ။ ထိုအခါ "လူတို့သည် အချင်းချင်း သတ်ဖြတ်ကြကုန်၏။ ငါတို့သည်လည်း အခြားတပါး မည်သူ့ကိုမျှ မသတ်လို။ ငါတို့ကိုလည်း မည်သူကမျှ မသတ်ကြပါစေနဲ့" ဟု အကြံ ဖြစ်လာကြလိမ့်မည်။

☺ ☺ ☺ ☺ ☺

**စာပိုဒ်=၁၀၅**

## သက်တမ်း, ရုပ်အဆင်း စသည်တို့ တိုးပွားလာခြင်းအကြောင်း

ထိုအခါ လူတို့သည် "ငါတို့သည် အကုသိုလ်ဒုစရိုက်တရားများကို ပြုလုပ်ခြင်းကြောင့် ဆွေမျိုးတို့ ဆုံးရှုံးကြရကုန်၏။ ကုသိုလ် သုစရိုက်တရားများကို ဆောက်တည်ကြရမူကား ကောင်းလေစွ"ဟု အကြံဖြစ်လတ္တံ့။

ထိုအခါ လူတို့သည် အကုသိုလ် ဒုစရိုက်တရားများကို ပယ်စွန့်၍ ကုသိုလ်သုစရိုက်တရားများကို ပြုလုပ်လာကြ၏။ ထိုအချိန်မှစ၍ လူတို့သက်တမ်းသည် ၁၀-နှစ်မှ ၂၀၊ ၂၀-မှ ၄၀၊ ၄၀ မှ ၈၀ စသည်ဖြင့် အဆင့်ဆင့် တက်လာကာ အနှစ် ၈-သောင်းတမ်းအထိ တိုးတက်သွားကြ၏။

အနှစ် ၈-သောင်းတမ်းတွင် အသက် ၅၀၀-ရှိသော သတိုးသမီးသည် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်သို့ ရောက်လိမ့်မည်။

**စောဒနာဖွယ်**။ ။ ဆယ်နှစ်တမ်း ဆုတ်ကပ်ကာလဝယ် မိဘတို့ကသာ ပါဏာတိပါတမှ ရှောင်ကြဉ်ကြ၏။ သားသမီးတို့ကား ရှောင်ကြဉ်ဖို့ မဆိုထားဘိ, လူပင် မဖြစ်ကြသေး။ သို့ပါလျက် အဘယ့်ကြောင့် သားသမီးတို့ အသက်နှစ်ဆယ် ရှိနိုင်ပါသနည်း?...

**အဖြေ။** ။သားသမီးလောင်းဖြစ်သော သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာ အစဉ်သည် မျိုးစေ့နှင့်တူ၏။ မိဘတို့သည် လယ်ယာနှင့် တူကြ၏။ ထိုသားသမီးတို့ဖြစ်ရာ တည်ရာဖြစ်သော မိဘတို့၏ စင်ကြယ်ခြင်းကြောင့်= ခေတ္တဝိသုဒ္ဓိယာ (လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့များ ဖြစ်ထွန်းကြီးပွားကြသလို) သားသမီးများ အသက်ရှည်ကြရသည်။

**သီလရှိသော ဝမ်းဗိုက်၌ ဖြစ်ကြရသောကြောင့် (သီလဂဗ္ဘေ ဝမိတတ္တာ)**

သီလရှိသော အမိဝမ်းဗိုက်၌ ဖြစ်ကြရသည့်အတွက် ခေတ္တဝိသုဒ္ဓိဖြစ်သောကြောင့် သားသမီးများ အသက်ရှည်ကြရသည် ဟူလို။

(ဤစကားဖြင့် ပြင်ပဖြစ်သော ဥတု,အာဟာရတို့သည် သတ္တဝါတို့၏ ခန္ဓာအစဉ်အား ကျေးဇူးပြုတတ်သကဲ့သို့ ဥတု,အာဟာရမှ အခြားဖြစ်သော မိဘတို့၏ သီလရှိမှုဟူသော ဗာဟီရအကြောင်းသည်လည်း သားသမီးဟူသော သတ္တဝါတို့၏ ခန္ဓာအစဉ်အား ကျေးဇူးပြုနိုင်ကြောင်းကို ပြ၏။ ကျေးဇူးပြု-ဟူသည် အသက်ရှည်စေနိုင်သော သတ္တိထူးကို ခန္ဓာကိုယ်အစဉ်တွင် မြှုပ်နှံ သွင်းပေးမှုတည်း။ ၎င်းကို 'ဝိသေသာဓာနံ'ဟု ခေါ်၏။ ဋီ)

**မေးဖွယ်။** ။ ထိုဝိသေသာဓာန ဖြစ်လျှင် ရုပ်အစဉ်၌သာ ဖြစ်ရာသည်မဟုတ်ပါလော? ရုပ်ဇီဝိတ ရှိရုံမျှနှင့် အသက်မရှည်နိုင်။ နာမ်တရား မချုပ်ငြိမ်းအောင် နာမ်ဇီဝိတနှင့်တကွ နာမ်တရားများ၌လည်း ဝိသေသာဓာန တည်မှ အသက်ရှည်နိုင်၏။ အဘယ်နည်းဖြင့် နာမ်တရားတို့အားလည်း ကျေးဇူးပြုနိုင်ပါသနည်း?ဟု မေးဖွယ်ရှိ၏။

**ဖြေ။** ။ထိုသတ္တိထူးသည် ရုပ်အစဉ်၌သာ တည်သည်ကား မှန်ပါ၏။ သို့သော် ရုပ်အစဉ်သည် ထိုအသက်ရှည်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့် သွင်းထားအပ်သော သတ္တိထူးရှိလသော် နာမ်အစဉ်သည်လည်း ထိုရုပ်၌စပ်သော ဖြစ်ခြင်းရှိသည့်အတွက် ကျေးဇူးပြုမှု ခံရတော့သည်သာ ဖြစ်၏။

ဥပမာ- ကဗဠီကာရ အာဟာရသည် ထောက်ပံ့အပ်သော ရူပကာယ၌ ခန္ဓာကိုယ်တစ်ခုလုံး ထောက်ပံ့အပ်ပြီး ဖြစ်တော့သကဲ့သို့ပင်တည်း။ (အစာအာဟာရက အာဟာရဇရုပ်ကို ထောက်ပံ့လိုက်လျှင် ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်တို့ကိုလည်း ထောက်ပံ့ပြီးဖြစ်သကဲ့သို့တည်း။)

ဆက်၍ ရှင်းပါအံ့။ စကြာဝတေးမင်း၏ ကောင်းမှုအထူးကို မှီ၍ သူ၏ မိဖုရားရတနာ အစရှိသူတို့မှာ အခြားသူတို့နှင့် မဆက်ဆံသော ထိုထိုအကျိုးထူးများ ဖြစ်ကြသကဲ့သို့, ထိုဆယ်နှစ်တမ်းကာလ၌ မိဘတို့၏ ကောင်းမှုအထူးကိုမှီ၍ ဖြစ်ပေါ်လာသော သားသမီးတို့မှာ အသက်ရှည်မှုဟူသော အကျိုးထူးသည် မိဘတို့၏စင်ကြယ်မှု-ခေတ္တဝိသုဒ္ဓိကြောင့်ပင် ဖြစ်သည်ဟု မှတ်ရမည်။

ဘာ့ကြောင့်နည်း? သံဝေဂကြောင့် ဖြစ်ပေါ်လာသော ဓမ္မဆန္ဒအစရှိသော တရားအပေါင်းသည် တိုးပွားနေသောအခါ၌ မိဘတို့၏ ကုသိုလ်စေတနာ၏ အကျိုးပေးနိုင်လောက်အောင်သော အခြင်းအရာအားဖြင့် မွန်မွန်မြတ်မြတ် ဖြစ်ခြင်းကြောင့်တည်း။ (ဋီကာ)

**နောက်လူများ အသက်ရှည်ခြင်းအကြောင်း-**

ဆယ်နှစ်တမ်းကာလ၌ သံဝေဂရ၍ ကုသိုလ်ပြုကြသော မိဘတို့၏ သားသမီးများသည် အသက် ၂၀-ရှည်ကြ၏။ ထိုသားသမီးတို့သည် မိဖတို့နှင့်အတူ မိမိတို့လည်း ကုသိုလ်ပြုပြီးနောက် စုတေကြသောအခါ အကြောင်းအားလျော်စွာ ဤလူ့ပြည်၌ ဖြစ်ကြပြန်၏။ ထိုသတ္တဝါတို့၏ အသက်ရှည်မှုကား **မိမိတို့၏ သီလကြောင့်** ဖြစ်ကြရ၏။

ဤသို့ သားသမီးတို့၏ သန္တာန်၌ဖြစ်သော သီလရှိမှုက အသက်ရှည်ဖို့ရန် ထူးသောအကြောင်း ဖြစ်သော်လည်း **မိဘတို့၏ စင်ကြယ်မှု ခေတ္တဝိသုဒ္ဓိလည်း** မကင်းနိုင်ပေ။

**စာပိုဒ်=၁၀၆**

**အသက် ၈-သောင်းတမ်း၌-**

၁။ လူတို့၌ ထမင်းဆာခြင်း၊ စားပြီး ထမင်းဆိပ်တက်ကာ မအီမသာဖြစ်ခြင်း၊ အိုခြင်းဟူသော အနာရောဂါ သုံးမျိုးသာ ဖြစ်လတ္တံ့။

၂။ ဇမ္ဗူဒိပ်ကျွန်းသည် ပြည့်စုံကြွယ်ဝပြီး စည်ပင်ဝပြောလတ္တံ့။

၃။ ရွာနိဂုံး မင်းနေပြည်တို့သည် **ကြက်ပျံတကျ** ဖြစ်လတ္တံ့။

၄။ မြို့ရွာ မင်းနေပြည်တို့၌ လူတို့သည် ပြည့်နှက်စည်ကားလတ္တံ့။

၅။ ဤဗာရာဏသီပြည်သည် ပြည့်စုံကြွယ်ဝပြီး လူမျိုးစုံတို့ဖြင့် စည်ကား၍ အစားအစာပေါများသည့် ကေတုမတီမည်သော မင်းနေပြည်ကြီး ဖြစ်လတ္တံ့။

၆။ ထိုမင်းနေပြည်၌ တရားစောင့်သည့် သင်္ခမည်သော စကြဝတေးမင်း ဖြစ်လတ္တံ့။

၇။ ထိုမင်း၌ ရန်သူကို နှိမ်နင်းနိုင်သော ရဲရင့်သည့် အထောင်မကသော သားတော်တို့ ရှိကုန်လတ္တံ့။

၈။ ထိုစကြဝတေးမင်းသည် နိုင်ငံကို လက်နက်မကိုင်ပဲ တရားဖြင့်သာ အုပ်ချုပ်လတ္တံ့။

**အသက် ၈-သောင်းတမ်း၌ အနာ သုံးမျိုး**

၁။ ဣစ္ဆာ = ထမင်းစားလိုခြင်း (ထမင်းဆာခြင်း)

၂။ အနသန = ကိုယ်လေးလံ ထိုင်းမှိုင်းခြင်း (စားပြီး၍ ကိုယ်လေးလံပြီး မအီမသာ ဖြစ်နေမှု)

၃။ ဇရာ = အိုခြင်း

**ကြက်ပျံတကျ စည်ကား-ဟူသည်**

ဤဘက်ရွာ၏ အစွန်ဆုံးအိမ်မှ အစွမ်းကုန် ပျံတက်လာသော ကြက်သည် အခြားတရွာ၏ အိမ်ခေါင်မိုးပေါ် သို့ ကျ၏။ (တစ်ရွာနှင့်တစ်ရွာ မဝေးလှပဲ ရွာချင်း ဆက်လုနီးပါး စည်ကားနေသော ရွာ, နိဂုံး, မင်းနေပြည်-ဟု ဆိုလိုသည်။

**စာပိုဒ်=၁၀၇**

**အသက် ၈-သောင်းတန်း၌ မေတ္တေယျဘုရားပွင့်မည်-**

လူတို့အသက် ၈-သောင်းတမ်း၌ မေတ္တေယျမည်သော ဘုရားပွင့်လိမ့်မည်။ ထိုအခါ ထောင်ပေါင်းများစွာသော ရဟန်းပရိသတ်ကြီးနှင့်တကွ ဒေသစာရီ ကြွတော်မူလိမ့်မည်။

**အသက် ၈-သောင်းတမ်းဟူသည်-**

ပါဠိတော်၌ "ဆယ်နှစ်တမ်းမှစ၍ အသက်ရှစ်သောင်းတမ်း၌ မေတ္တေယျဘုရား ပွင့်လိမ့်မည်"ဟု ဟောတော်မူထား၏။ ထိုသို့ဆိုလျှင် "အသီတိ-ပေ-ဥပ္ပဇ္ဇိဿတိ"ဟူသော စကားကို "တက်ကပ်"၏ အစွမ်းဖြင့် ဟောရာရောက်နေ၏။ အမှန်မှာ "တက်ကပ်"၏အစွမ်းဖြင့် ဟောတော်မူအပ်သော စကား မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော- ဘုရားရှင်တို့သည် တက်ကပ်၌ ပွင့်ရိုးထုံးစံမရှိ, ဆုတ်ကပ်၌သာ ပွင့်ရိုးထုံးစံ ရှိသောကြောင့်ပင်တည်း။

ချဲ့ပြရသော်- သက်တမ်းတက်ရာအခါ၌ သတ္တဝါတို့သည် သံသရာ၌ ငြီးငွေ့ဖို့ ခဲယဉ်းသော ကြောင့်ပင်တည်း။ ထို့ကြောင့် အနှစ်၈-သောင်းတမ်းမှ အသင်္ချေတမ်းတိုင်အောင် တိုးတက်၍ တဖန် ထိုအသင်္ချေတမ်းမှ ဆုတ်လာသောအခါ အနှစ်၈-သောင်းတမ်းသို့ ရောက်လိမ့်မည်။ ထိုအခါကျမှ မေတ္တေယျဘုရားရှင် ပွင့်တော်မူလိမ့်မည်။

**စာပိုဒ် ၁၀၈။**

**သင်္ခစကြာမင်းကြီး ရဟန်းပြု**

မေတ္တေယျဘုရားပွင့်ရာ ထိုအခါ၌ သင်္ခစကြာမင်းကြီးသည် မဟာပနာဒမင်း၏ ဘုန်းကံကြောင့် (အလောင်းတော်)သိကြားမင်းက ဝိသကြံနတ်သားအား ဖန်ဆင်းပေးအပ်သော ပြာသာဒ်၌နေ၍ ထီးနန်း အုပ်ချုပ်တော် လိမ့်မည်။ ထို့နောက် ထီးနန်းစွန့်ကာ မေတ္တေယျဘုရားထံတွင် ရဟန်းပြုပြီး ရဟန္တာဖြစ်တော်မူလတံ့။

**မဟာပနာဒဇာတ်အကျဉ်း-**

ရှေးက ကျူထရံသည် သားအဖနှစ်ယောက်တို့သည် ပစ္စေကဗုဒ္ဓါတစ်ဆူကို ကျူထရံကာ၊ သဖန်းသားတိုင်လုပ်ပြီး သစ်ခက်မိုးကျောင်းလေး လှူခဲ့ဖူး၏။ ထိုကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ကြရ၏။ နောင်သောအခါ ဖခင်နတ်သားက အထက်နတ်ပြည်သို့ တက်ပြီး သားက သိကြားမင်းကြီး၏ တောင်းပန်မှုကြောင့် လူပြည်၌ အသုစိမင်းကြီး၏ မိဖုရားခေါင်ဝမ်း၌ သန္ဓေတည်ကာ **မဟာပနာဒမင်းသား** ဖြစ်လာ၏။

ရှေးက ပစ္စေကဗုဒ္ဓါကို သစ်ခက်မိုးလှူခဲ့သော ကုသိုလ်ကြောင့် (အလောင်းတော်)သိကြားမင်းက ဝိသကြံနတ်သားကို စေလွှတ်ကာ ရတနာခုနစ်ပါးဖြင့်ပြီးသည့် အထပ်တရာရှိသော ပြာသဒ်ကြီးကို မဟာပနာဒမင်းသား စံမြန်းဖို့ ဖန်ဆင်းစေခဲ့၏။ ထိုမင်းနတ်ရွာစံသောအခါ နတ်ပြည်၌ ပြန်ဖြစ်၏။ ၎င်း၏ပြာသဒ်ကြီးသည် ယခုအခါ ဂင်္ဂါမြစ်ကြောင်း၌ မြုပ်သွားခဲ့၏။ ယခု ဂေါတမဘုရားပွင့်သောအခါ ထိုနတ်သားသည် ဘဒ္ဒိယသူဌေးကြီး၏ တစ်ဦးတည်းသောသား "**ဘဒ္ဒဇိ**" ဖြစ်လာ၏။ နောင်သောအခါ ဘုရားနှင့်တွေ့၍ တရားနာပြီး **လူဝတ်နှင့်ပင် ရဟန္တာ**ဖြစ်သွား၏။

ဘုရားရှင်နှင့်တကွ ရှင်ဘဒ္ဒိဇိပါဝင်သော ရဟန္တာများ ဂင်္ဂါမြစ်ကမ်း ကောဋိရွာ၌နေစဉ် တဘက်ကမ်းသို့ လှေများဖြင့်ကူးကြ၏။ ထိုစဉ် ဘုရားရှင်၏ တိုက်တွန်းချက်ဖြင့် ရှင်ဘဒ္ဒိဇိရဟန္တာက သူနေခဲ့ဘူးသော ထိုပြာသဒ်ကြီးကို တန်ခိုးဖြင့် ယူ၍ပြ၏။ မကွယ်ပျောက်သေးပေ။ အကြောင်းမှာ နတ်ပြည်၌ ကျန်ရစ်ခဲ့သော သူ့၏အဖတော်ခဲ့ဖူးသော (ကျူထရံ)နတ်သား၏ အာနုဘော်ကြောင့် မကွယ်ပျောက်ခြင်း ဖြစ်သည်ဟု ဆို၏။

**ထိုအဖဖြစ်သော နတ်သားသည်** အရိမေတ္တေယျ ဘုရားပွင့်သောအခါ၌ **သခ်မည်သော စကြာမင်းကြီး** ဖြစ်လာလိမ့်မည်။ ထိုအခါ ထိုသခ်စကြာမင်းကြီး သုံးဆောင်အံ့သောငှာ ထိုမြုပ်နေသော ပြာသဒ်ကြီးသည် ရေမှ ပေါ်ထွက်လာပေလိမ့်မည် ဟူသတတ်။

**ပြာသဒ်ကြီးကို စွန့်လှူခြင်း-**

ထိုသခ်မင်းကြီး ရဟန်းပြုခါနီးတွင် မိမိစံမြန်းသော ပြာသဒ်တော်ကြီးကို သမဏ၊ ဗြာဟ္မဏ၊ အထီးကျန်၊ ခရီးသွား၊ ဖုန်းတောင်းယာစကာတို့အား စွန့်လှူပေလိမ့်မည်။ လှူသောအခါ "ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဤပြာသဒ်တော်ကြီးသည် အပိုင်းပိုင်း အစိတ်စိတ်ဖြစ်ပါစေသတည်း။ ထိုပြန့်ကျဲသွားသော ရတနာများကို အလိုရှိရာ၊ အလိုရှိသလောက် ယူကြပါစေသတည်း"ဟု အဓိဋ္ဌာန်ကာ ဒါန၏ အစွမ်းဖြင့် လှူဒါန်းပေလိမ့်မည်။

**ဤမျှလောက်ဖြင့် စကားတရပ်ပြီး-**

“ဘူတပုဗ္ဗံ ဘိက္ခဝေ- ရဟန်းတို့ ရှေး၌ ဖြစ်ခဲ့ဖူးသည်ကား... စသော စကားမှစ၍ “ပဗ္ဗဇိံ့သုတိ- ရဟန်းပြုလတ္တံ့” တိုင်အောင်သော စကားရပ်ဖြင့် မြတ်စွာဘုရားသည် **ဝဋ္ဋဂါမိကုသလ-ဝဋ်သို့ အစဉ် လိုက်သော ကုသိုလ်၏** အနုသန္ဓေ စကားဆက်စပ်ပုံကို ပြတော်မူ၏။

**စာပိုဒ်=၁၀၉**

**ဝဋ္ဋဂါမိကုသိုလ်မှ ဝိဝဋ္ဋဂါမိကုသိုလ်သို့...**

ယခုအခါ၌ ဝဋ်၏ ဆန့်ကျင်ဘက် နိဗ္ဗာန်သို့သွားကြောင်း ကုသိုလ်၏ စကားအဆက်အစပ်ကို ပြတော်မူလိုသောကြောင့် သုတ္တန်အစ၌ ဆိုခဲ့ပြီးသော “အတ္တဒီပါ ဘိက္ခဝေ”စသော စကားရပ်ကို တဖန် ဟောတော်မူ၏။

**စာပိုဒ်=၁၁၀**

**ဓမ္မအပေါ်၌ ရပ်တည်သူတို့အတွက်-**

(၁) အသက်တိုးပွားခြင်း

(၂) အဆင်းတိုးပွားခြင်း

(၃) ချမ်းသာတိုးပွားခြင်း

(၄) စည်းစိမ်တိုးပွားခြင်း

(၅) ခွန်အားတိုးပွားခြင်းတို့ကို ပြတော်မူ၏။

**အသက်ရှည်ကြောင်းတရား**

အဓိပတိဖြစ်ထိုက်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဟူသော ဤလေးပါးတို့သည် မိမိတို့ လိုရာကိစ္စမှန်သမျှကို ပြီးစီးအောင်မြင်ကြောင်း တရားများဖြစ်၏။ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို မိမိသန္တာန်၌ ပြီးပြည့်စုံအောင် ပွားများထားလျှင် အသက်ကို ရှည်စေနိုင်၏။

(မှတ်ချက်။ ဤဣဒ္ဓိပါဒ်လေးပါးကို မိမိသန္တာန်၌ ဖြစ်စေခြင်းသည် အသက်မဟုတ်၊ အသက် ရှည်ခြင်း၏ အကြောင်းသာ ဖြစ်၏။ ဤ၌ အကျိုးဖြစ်သော အသက်၏ အာယုဟူသော အမည်ကို အကြောင်းဖြစ်သော ဣဒ္ဓိပါဒ်လေးပါး၌ တင်စား၍ အကြောင်းဖြစ်သော ဣဒ္ဓိပါဒ်လေးပါးကို ဖလူပစာရ အားဖြင့် “အာယု”ဟု ခေါ်ခြင်းဖြစ်သည်။)

**အဆင်းလှကြောင်းတရား**

သီလနှင့်ပြည့်စုံခြင်းသည် အဆင်းလှခြင်း, ဂုဏ်သတင်း ကျော်စောခြင်းတို့၏ အကြောင်းပင် တည်း။

သီလနှင့် ပြည့်စုံသူသည် စိတ်နှလုံး မသာယာမှု, ပူပန်သောက နောင်တရမှုစသည်တို့မှ ကင်းဝေးပြီး စိတ်နှလုံး ကြည်လင်ရွှင်လန်းခြင်း, နှစ်သက်ခြင်း, ငြိမ်းအေးခြင်း, ချမ်းသာခြင်း, တည်ကြည်ခြင်း, မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာ သိခြင်း... စသည်တို့ အကျိုးအဆက်ဆက် ဖြစ်ပေါ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ထိုငြိမ်းအေးသောစိတ်ကြောင့် ဖြစ်ပေါ်လာသော စိတ္တဇရုပ်တို့သည်၎င်း, ထိုအငြိမ်းဓာတ်တို့ ပျံ့နှံ့ထိတွေ့နေမှုကြောင့် ကိုယ်၏အရေအဆင်းလည်း ကြည်လင်တောက်ပ၏။ ဂုဏ်သတင်းလည်း ကျော်စောကာ တိုးပွားပျံ့နှံ့လေတော့၏။ (အင်္ဂုတ္တရနိကာယ၊ ဒသကနိပါတ်၊ ကိမတ္ထိယသုတ်၊ ၂၅၇။ ၌လည်း ဆက်ရှုပါလေ။)

(မှတ်ချက်။ တရားထူး ရ,မရ အကဲခတ်ရာ၌ ကြည်လင်နေသော ရုပ်အဆင်းနှင့် မျက်နှာကို ကြည့်၍ အကဲခတ်ကြ၏။ ထိုသို့ အကဲခတ်၍ ဖြစ်လောက်အောင်ပင် အတွင်း၌ရှိသော တရားဓာတ်ကြောင့် အချို့သူတို့၏ ရုပ်အဆင်းနှင့် မျက်နှာသည် ထူးထူးခြားခြား ကြည်လင်နေပေသည်။

မျက်နှာကြည့်၍ အကဲခတ်ကြပုံကို ဘုရားရှင်နှင့် ဥပကတက္ကတွန်း၊ အရှင်အဿဇိနှင့် (ရှင်သာရိပုတ္တရာအလောင်း) ဥပတိဿ ပရိဗ္ဗိုဇ်တို့ တွေ့ဆုံရာ၌ ပြောသောစကားများဖြင့် သိနိုင်ပါ သည်။)

ဝိပ္ပသန္နာနိ ခေါ တေ, အာဝုသော, ဣန္ဒြိယာနိ, ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော။

(ဝိ၊၃၊ နှာ-၁၁/၅၃။)

**စိတ်ချမ်းသာကြောင်းတရား**

သောကကင်းဝေးပြီး စိတ်ချမ်းသာမှုကို အလိုရှိသောသူသည် စျာန်လေးပါးကို ပွားများထားလေ ရာ၏။ စျာန်လေးပါး ပွားများထားသောသူ၏ စိတ်သည် နီဝရဏတို့မှ ကင်းဆိတ်နေ၏။ ထို့ကြောင့် သမာဓိကြောင့် ဖြစ်ပေါ်လာသော နှစ်သိမ့်မှုပီတိ၊ ချမ်းသာမှုသုခတို့နှင့် ပြည့်စုံ၍ နေ၏။ မှန်၏။ စျာန်ရ ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌဓမ္မသုခဝိဟာရ=မျက်မှောက်ချမ်းသာစွာ နေဖို့ရန်အလို့ငှာ စျာန်ကို ဝင်စားကြ၏။

**စည်းစိမ်တိုးပွားကြောင်းတရား**

စည်းစိမ်တိုးပွားလိုသော ပုဂ္ဂိုလ်သည် အရပ်ဆယ်မျက်နှာတို့၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွားများထားလေရာ၏။

ဗြဟ္မဝိဟာရတရား လေးပါးကို ပွားများထားသော ရဟန်းသည် မိမိကလည်း သတ္တဝါအားလုံး တို့နှင့် မဆန့်ကျင်၊ သတ္တဝါတို့ကလည်း မိမိအပေါ်၌ မဆန့်ကျင်၊ ဤကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်ဘက်မရှိလျှင် ရန်သူမရှိတော့။ ရန်သူမရှိတော့ရကား အားလုံးပင် မိတ်ဆွေချည်း ဖြစ်တော့၏။ သို့ဖြစ်လျှင် မိမိမှာ ချမ်းချမ်းသာသာ အိပ်ရ နေရခြင်းစသော အကျိုးများဖြစ်လာ၏။ ထိုအကျိုးများ ကား အလွန်ချမ်းသာသော စည်းစိမ်ပင်တည်း။

**ခွန်အားတိုးပွားကြောင်းတရား**

စိတ်၏အာသဝေါတရားတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာသည် ရဟန်း၏ ကိုယ်အား ဉာဏ်အား တိုးပွားကြောင်းတည်း။

လောက၌ ဗလအားလုံးတို့တွင် မာရဗလသည် နိုင်ဖို့ရာ အခက်ဆုံးဖြစ်၏။ သို့သော် ထိုမာရဗလ သည် လောကီကုသိုလ်ကိုသာ လွှမ်းမိုးနိုင်၏။ လောကုတ္တရာကုသိုလ်ကိုကား မလွှမ်းမိုးနိုင်။ လောကု- တ္တရာတွင် အသာဆုံးဖြစ်သော အရဟတ္တဖိုလ်ဖြင့်ကား ထိုမာရဗလကို ဧကန် လွှမ်းမိုးနိုင်သည်သာ။ ထို့ကြောင့် ထိုအရဟတ္တဖိုလ်ပညာသည် ရဟန်း၏ ကိုယ်အား ဉာဏ်အား တိုးပွားကြောင်းဖြစ်၏။

**လောကုတ္တရာ ကုသိုလ်တရားများ အဆင့်ဆင့်တိုးပွားခြင်း-**

ရှေးရှေးဖြစ်သော လောကုတ္တရာကုသိုလ်သည်၎င်း, ထိုရှေးရှေးဖြစ်သော လောကုတ္တရာကုသိုလ် ၏ အကျိုးဆက်ဖြစ်သော နောက်နောက်သော ကုသိုလ်သည်၎င်း ဝဋ်မှထွက်ရာ နိဗ္ဗာန်သို့ရောက် ကြောင်း ကောင်းမှုတို့ကို ဆောက်တည်ခြင်းဟူသော အကြောင်းကြောင့် အရဟတ္တဖိုလ်တိုင်အောင် အဆင့်ဆင့် တိုးပွားလာတော့၏။

(ဤနေရာ၌ ဣဒ္ဓိပါဒ်လေးပါးကို ပွားများသည်မှစ၍ စေတောဝိမုတ္တိဟူသော ဗလကို မျက်မှောက်ပြုသည့်တိုင်အောင် စကားရပ်သည် ဝဋ်မှထွက်မြောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကုသိုလ်ဖြစ်၏။)

**တရားနိဂုံး-**

တရားတော်အဆုံး၌ ရဟန်း ၂-သောင်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြပြီး၊ ၈-သောင်း ၄-ထောင်သော သတ္တဝါတို့သည်လည်း အောက်မဂ်,အောက်ဖိုလ် တရားထူးများ ရကြကုန်၏။

စက္ကဝတ္တိသုတ္တန် လေ့လာချက် ပြီး၏။

&&&&&&&&&&&&&&&&&&

## သက်တမ်းအလျောက် ပေါ်လာသည့် ဒုစရိုက်

| သက်တမ်း | ဖြစ်ပေါ်လာသော ဒုစရိုက် |
|---|---|
| ၈-သောင်း | ခိုးမှု၊ သတ်မှု၊ လုယက်မှု |
| ၄-သောင်း | လိမ်ညာမှု |
| ၂-သောင်း | ကုန်းချောမှု |
| ၁-သောင်း | ကာမေသု မိစ္ဆာစာရ |
| ၅-ထောင် | ဖရုသဝါစာ၊ သမ္ဖပ္ပလာပ |
| ၂၅၀၀ | အဘိဇ္ဈာ၊ ဗျာပါဒ |
| ၁၀၀၀ | မိစ္ဆာဒိဋ္ဌိ |
| ၅၀၀ | အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆဓမ္မ |
| ၂၅၀/၂၀၀ | မိဘ, သမဏ, ဗြဟ္မဏတို့၌ ဝတ္တရားပျက်ခြင်း၊ အမျိုးတို့၌ လေးစားအပ်သူတို့အပေါ် ရိုသေဂါရဝပျက်ခြင်း |
| ၁၀၀ | အထက်ပါ ဒုစရိုက်တရားများ အားလုံး ပြည့်စုံ |
| | |
| ၁၀နှစ်တမ်း | ကုသိုလ်ကမ္မပထတရား အကြွင်းမဲ့ကွယ်ပျောက်၊ မိဘနှင့် သမဏဗြဟ္မဏတို့အပေါ် ရိုင်းပြသူကို ချီးမွမ်းလတ့်၊ အမိနှင့်သား, အဖနှင့်သမီး, မောင်နှင့်နှမ ရောထွေးကာ တိရစ္ဆာန်ကဲ့သို့ ရောယှက်ကုန်လတ့်၊ မိဘနှင့် သားသမီး၊ မောင်နှင့်နှမ အချင်းချင်း မုန်းတီးကာ သတ်ဖြတ်ကြလတ့်၊ ၇-ရက် စစ်ပွဲကြီး ဖြစ်လတ့်၊ အချင်းချင်း သားကောင်ကဲ့သို့ သတ်ဖြတ်ကုန်လတ့်၊ ပြင်းထန်သော လက်နက်တို့ လူတို့လက်သို့ ရောက်လာလတ့်၊ မြေပြင်ပေါ်၌ အနည်းငယ်သာ ကျန်ရစ်ခဲ့ပြီး အချင်းချင်း လွန်စွာ ချစ်ခင်ကြလတ့်။ |
| | |